## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပထမငယ်တန်း ဓာတုကထာ (အမေး/အဖြေ)

**အောက်ပါတို့ကို ဓာတုကထာဥဒ္ဒေသနှင့်အညီ ကောက်ပြခဲ့ပါ။**

**(က) သင်္ဂါရ၊ (ခ) သညာဘဝ၊**

**(ဂ) သောက၊ (ဃ) ဒုက္ခ၊ (င) ဥပါယာသ။**

(က) အကုသိုလ်စိတ် ၁၂၊ လောကီကုသိုလ်(၁၇)၌ရှိသော စေတနာစေတသိက်။

(ခ) နေဝသညာနာသညာယတနဝိပါက်ကြဉ်သော လောကီဝိပါက် ၃၁၊ စေတသိက် ၃၅၊ ကမ္မဇရုပ် ၂၀။

(ဂ) ဒေါသမူဒွေ၌ ဒေါမနဿဝေဒနာ၊

(ဃ) ဒုက္ခသဟဂုတ်ကာယဝိညာဉ်စိတ်၌ရှိသော ဝေဒနာစေတသိက်၊

(င) ဉာတိဗျသန အစရှိသည်တို့ဖြင့် တွေ့သော သူအား လွန်စွာဖြစ်သော စိတ်၏ ဆင်းရဲ ခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ ပြင်းစွာ ပင်ပန်းခြင်း၏ အစွမ်းအားဖြင့် ဖြစ်သော ဒေါသမူဒွေ၌ ရှိသော ဒေါသစေတသိက်၊

**ဣတ္ထိန္ဒြေယေန ယေ ဓမ္မာ-၌ ယေ ဓမ္မာ- အရကို ဒုတိယ, တတိယနယတို့အလို အရ ကောက်ပြ၍၊ သဠာယတနန ယေ ဓမ္မာ- ၌ ယေ ဓမ္မာ- အရ ပဥ္စမနယအလို ပ- ယေ၊ ဒု- ယေ ခွဲပြခဲ့ပါ။**

ဒုတိယ- ဩဠာရိကရုပ် ၁၂၊

တတိယ- ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန်။

ပ ယေ- ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန်။

ဒု ယေ- ဩဠာရိကရုပ် ၁၂၊ ဝိညာဏက္ခန္ဓာ။

**ဗာဝိသတိန္ဒြိယာနိ- ၌ ပါဝင်သော သဒ္ဒိန္ဒြေ, ပဋ္ဌိန္ဒြိယာနိ- ၌ ပါဝင်သော သဒ္ဒိန္ဒြေတို့၏ အရ ကောက်ထုံးခြားမှုကို ဥဒ္ဒေသနှင့်အညီ ကောက်ပြပြီးလျှင်၊ ဥပါဒါ ဓမ္မေဟိ ယေ ဓမ္မာ- ၌ ယေ ဓမ္မာ- အရကိုလည်း ဒုတိယနယနှင့်အညီ စွဲပြခဲ့ပါ။**

သောဘနစိတ် ၅၉- ခုဥ္ဘရှိသော သဒ္ဓါစေတသိက် **(ဗာဝီသတိန္ဒြိယ)**၊

လောကုတ္တရာစိတ် ၈- ခုဥ္ဘရှိသော သဒ္ဓါစေတသိက် **(ပဋ္ဌိန္ဒြိယ)**

ယေ ဓမ္မာ- ပထဝီ, တေဇော, ဝါယော ဟု ဆိုအပ်သော မဟာဘုတ် ၃-ပါး။

**နိရောဓသစ္စေန ယေ ဓမ္မာ-၌ ယေ ဓမ္မာ- အရကို တတိယနယနိဒ္ဒေသနှင့်အညီ စွဲပြ၍၊ စတုတ္ထနယ, ပဉ္စမနယတို့၌ ကတ္တားပြန်၍ ဟောရခြင်းအကြောင်းတို့ကိုလည်း အသီးသီး ရေးပြခဲ့ပါ။**

ယေဓမ္မာအရ -ဝေဒနာ, သညာ, သင်္ခါရ, သုခုမရုပ်။

**ကတ္တားပြန် ဟောရကြောင်း-**

ဒုတိယ, တတိယ နယတို့ကဲ့သို့ သင်္ဂဟိတ, အသင်္ဂဟိတတို့ဖြင့် အထူးမမူအပ်၊ သင်္ဂဟိတသာမန်ဖြစ်၍ ပထမကတ္တားကို ဓမ္မုဒ္ဒေါရပြုတော်မူလိုသောကြောင့် ကတ္တား ပြန်၍ ဟောရသည်။

**ဥပပတ္တိဘဝ- အရကို ကောက်ပြ၍၊ ဥပပတ္တိဘဝအပြား (ဘဝကြီး) (၉)ပါးကိုလည်း ထုတ်ပြခဲ့ပါ။**

လောကီဝိပါက် ၃၂၊ ဝိရတိကြဉ်သော စေတသိက် ၃၅၊ ကမ္မဇရုပ် ၂၀။

**ဘဝကြီး ၉- ပါး**

ကာမဘဝ, ရူပ, အရူပ, သညာ, အသညာ, နေဝသညာနာသညာ, ဧကဝေါကာရ, စတုဝေါကာရ, ပဉ္စဝေါကာရဘဝ။

**သမုဒသစ္စေန ယေ ဓမ္မာ- ၌ ယေ ဓမ္မာအရတရားတို့ကို စတုတ္ထနယ, ပဥ္စမနယ- တို့နှင့် အညီ ယေအရ စွဲပြခဲ့ပါ။**

စတုတ္ထနယ- သမုဒယသစ္စာကြဉ်သော သင်္ခါရက္ခန္ဓာ ။

ပဥ္စမနယ- ဩဠာရိကရုပ်၊ စိတ်။

**ဥပါယာသ-၏ ပရမတ္ထစစ်စစ်ကို ဓာတုကထာဋ္ဌေသ- လာအတိုင်း တိကျမှန်ကန်စွာ ဖြေဆိုပြပြီးလျှင်၊ ယင်းဥပါယာသ၏ (က) ရေတွက်အပ်သောဓာတ်၊ (ခ) မရေတွက်အပ် သောဓာတ်တို့ကိုလည်း သင်္ချာမျှသာ ဖော်ပြခဲ့ပါ။**

ဥပါယာသ- (ဖြေပြီး)။

(က) ၁ ။ (ခ) ၁၇ ။

**သမုဒယသစ္စေန ယေ ဓမ္မာ-၌ ယေ ဓမ္မာ-ဟူသောပါဠိကိုသာ စတုတ္ထနယနိဒ္ဒေသနှင့် အညီ အနက်ယောဇနာပြပါ။**

သမုဒယသစ္စေန- သည်၊ ယေ ဓမ္မာ- အကြင် သမုဒယသစ္စာကြဉ်သော သင်္ခါရက္ခန္ဓာ ၄၉- တို့ကို။

**ဥပပတ္တိဘဝအရကို ကောက်ပြ၍၊ ယင်းဥပပတ္တိဘဝ အပြားကိုလည်း ဖြေဆိုခဲ့ပါ။**

ဥပပတ္တိဘဝအရနှင့် အပြား (ဖြေပြီး)။

**တတိယနယ, စတုတ္ထနယတို့၏ ဥဒ္ဒေသပါဠိတော်တို့ကို အနက်ရေးခဲ့ပါ။**

အသင်္ဂဟိတေန- ဝေဒနာက္ခန္ဓာအစရှိသည်သည် ခန္ဓာဖြင့်သော မရေတွက် အပ်သည် ဖြစ်၍၊ သင်္ဂဟိတံ- အာယတန, ဓာတ်တို့ဖြင့် ရေတွက်အပ်သော သညာ, သင်္ခါရ, သုခုမရုပ် သောဠသ, နိဗ္ဗာန်အစရှိသည်ကို၊ သင်္ဂဟိတံ- အဘယ်မျှသော - - - သနည်း၊ ဤမျှသော- - - ရေတွက်အပ်၏။

သင်္ဂဟိတေန- သမုဒယသစ္စာ အစရှိသည်သည် ခန်- အာ- ဓာတ်တို့ဖြင့် ရေတွက်အပ်သော သမုဒယ သစ္စာကြဉ်သော သင်္ခါရက္ခန္ဓာ- ၄၉- ခု အစရှိသည်သည်၊ သင်္ဂဟိတံ- ခန်- အာ- ဓာတ်တို့ဖြင့် ရေတွက်အပ်သော သမုဒယသစ္စာ အစရှိသည်ကို၊ သင်္ဂဟိတံ- အဘယ်မျှသော- သနည်း။ ဤမျှသော- - - ရေတွက်အပ်၏။

**(က) သင်္ခါရ၊ (ခ) ဥပါဒါယသ- တရားတို့ကို ဓာတုထကာဥဒ္ဒေသလာသည့်အတိုင်း ကောက်ပြ၍၊ ရူပဘဝေါ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတော- ကို ဝိသဇ္ဇနာပါဠိသက်သက်မျှ ရေးပြပါ။**

(က) ဖြေပြီး။ (ခ) ဖြေပြီး။

**ဝိသဇ္ဇနာပါဠိ-**

ပဉ္စဟိ ခန္ဓေဟိ ပဉ္စဟိ အာယတနေဟိ အဋ္ဌဟိ ဓာတူဟိ သင်္ဂဟိတော။

**ဒုတိယနယ၌ ဟောသောဇာဟိရမာတိကာပုဒ်တို့ကို ပြည့်စုံအောင် ဖော်ထုတ်ပြ၍၊ ဝီရိယိန္ဒြိယေန ယေ ဓမ္မာ- ၌ ယေ ဓမ္မာ- အရတို့ကိုလည်း တတိယ, စတုတ္ထ, ပဉ္စမနယ တို့နှင့် အညီ ဖြေဆိုခဲ့ပါ။**

သနိဒဿနသပ္ပဋိဃာ ဓမ္မာ၊ အနိဒဿနသပ္ပဋိဃာ ဓမ္မာ၊

သနိဒဿနာ ဓမ္မာ၊ သပ္ပဋိဃာ ဓမ္မာ၊ ဥပါဒါ ဓမ္မာ။

တတိယ- ဝေဒနာ, သညာ, သုခုမရုပ်, နိဗ္ဗာန်။

စတုတ္ထ- ဝီရိယိန္ဒြေကြဉ်သော သင်္ခါရက္ခန္ဓာ ၄၉- ခု၊

ပဉ္စမ- ဩဠာရိကရုပ်၊ စိတ်။

**ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၏ အကျိုးဆက်ဖြစ်သော ဥပါယာသ အရကို ကောက်ပြ၍၊ ၎င်း ဥပါယာသ- အရ၏ သင်္ဂဟိတ, အသင်္ဂဟိတဖြစ်သော ခန္ဓ, အာ, ဓာတ်တို့ကို သချာမှု ဖော်ပြခဲ့ပါ။**

ဥပါယာသ (ဖြေပြီး)။

သင်္ဂဟိတ- ခန် ၁၊ အာ ၁၊ ဓာတ် ၁။

အသင်္ဂဟိတ- ခန် ၄၊ အာ ၁၁၊ ဓာတ် ၁၇။

**ဖော်ပြပါတို့၌ (က)ကို တတိယနယ၊ (ခ)ကို စတုတ္ထနယ၊ (ဂ)ကို ပဉ္စမနယတို့နှင့်အညီ ယေဓမ္မာ အရ တရားများကို ကောက်ပြခဲ့ပါ။**

**(က) နိရောဓသစ္စေန ယေ ဓမ္မာ၊ (ခ) ဣတ္ထိယေန ယေ ဓမ္မာ၊**

(ဂ) ဝိညာဏက္ခန္ဓေန ယေ ဓမ္မာ။

(က) ဝေဒနာ, သညာ, သင်္ခါရ, သုခုမရုပ်၊

(ခ) ဣတ္ထိန္ဒြေကြဉ်သော သုခုမရုပ် ၁၅- ခု။

(ဂ) ရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရ၊နိဗ္ဗာန်။

**ဒုက္ခသစ္စံ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ အသင်္ဂဟိတံ- ၏ အဖြေပါဠိကို ရေးသားခဲ့ပါ။**

**ဝိသဇ္ဇနာ-**

န ကေဟိစိ ခန္ဓေဟိ န ကေဟိစိ အာယတနေဟိ န ကေဟိစိ ဓာတူဟိ အသင်္ဂဟိတံ။

**အောက်ဖော်ပြပါ ယေ ဓမ္မာ- အရတို့ကို အညွှန်း နယများနှင့်အညီ ဖွဲ့ပြခဲ့ပါ။**

**(က) သမုဒယသစ္စေန ယေ ဓမ္မာ၊ (တတိယ, စတုတ္ထနယအလို)**

**(ခ) ဥပါယာသေန ယေ ဓမ္မာ၊ (စတုတ္ထ, ပဉ္စမနယအလို)**

(က) တတိယ- ဝေဒနာ, သညာ, သုခုမရုပ်, နိဗ္ဗာန်တို့ကို။ စတုတ္ထ- သမုဒယ သစ္စာကြဉ်သော သင်္ခါရက္ခန္ဓာ ၄၉- ခုတို့ကို။

(ခ) စတုတ္ထ- ဥပါယာသကြဉ်သော သင်္ခါရက္ခန္ဓာ ၄၉- ခုတို့ကိုး ပဉ္စမ- ဩဠာရိကရုပ်၊ စိတ်တို့ကို။

**စတုဝေါကာရ, ပဉ္စဝေါကာရ- တို့၏ အရတရားကိုလည်း ဥဒ္ဒေသနှင့်အညီ ကောက်ပြပါ ။**

စတုဝေါကာရ- အရူပဝိပါက် (၄)၊ စေတသိက် (၃၀)။

ပဉ္စဝေါကာရ- (ဖြေပြီး)

**ဝီရိယိန္ဒြိယေန ယေ ဓမ္မာ-၌ ယေ ဓမ္မာ- အရကို တတိယနယ၊ စတုတ္ထနယတို့နှင့်အညီ ခွဲပြ၍၊ စတုတ္ထနယ၌ဟောသော ပုဒ်အပေါင်းကိုလည်း သင်္ချာမျှ ဖော်ပြခဲ့ပါ။**

တတိယ- ဝေဒနာ, သညာ, သုခုမရုပ်, နိဗ္ဗာန်တို့ကို။

စတုတ္ထ- ဝီရိယိန္ဒြေကြဉ်သော သင်္ခါရက္ခန္ဓာ (၄၉) ခုတို့ကို။

ဟောပုဒ်ပေါင်း- (၆၉)။

**နာမ်ရုပ်ပိုင်ပိုင် ဟောပြနိုင်ဖို့ရာ ပဋိစ္စသမုပ္ပါဒ်၏ အင်္ဂါရပ် နာမ်ရုပ်၌ မပါဝင်သော နာမ်တရား ကို ဖော်ပြ၍၊ ရေတွက်အပ်သော ဓာတ်တို့ကို ဖော်ပြပြီးလျှင်၊ ပရိဒေဝ- အရကိုလည်း ကောက်ပြခဲ့ပါ။**

မပါဝင်သော နာမ်- စိတ် (၈၉)။ ဓာတ်- သတ္တဝိညာဏဓာတ်။ ပရိဒေဝ- (ဖြေပြီး) ။

**(က) အညိန္ဒြေ၊ (ခ) ကာမဘဝတို့၏ တရားကိုယ်တို့ကို ဓာတုကထာဥဒ္ဒေသနှင့်အညီ ကောက်ပြ၍၊ ဣတ္ထိန္ဒြေကို ဟောပုဒ် ပြုလုပ်ပြီး တတိယနယနှင့်အညီ ဝိသဇ္ဇနာပါဠိမျှ ရေးပြပါ။**

အညိန္ဒြေ- အရဟတ္တဖိုလ်စိတ်၌ရှိသော ပညာ။

ကာမဘာဝ- (ဖြေပြီး)

**ဝိသဇ္ဇနာပါဠိ–** ဣတ္ထိန္ဒြိယေန ယေဓမ္မာ ခန္ဓသင်္ဂဟေန အသင်္ဂဟိတာ၊ အာယတနသင်္ဂဟေန သင်္ဂဟိတာ၊ ဓာတုသင်္ဂဟေန သင်္ဂဟိတာ။

တေ ဓမ္မာ ကတိဟိ သင်္ဂဟိတာ၊ အသင်္ခတံ ခန္ဓတော ဌပေတွာ တီဟိ ခန္ဓေဟိ ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတာ။

**(က) ဝေဒနာက္ခန္ဓေန ယေ ဓမ္မာ– ၌ ယေ ဓမ္မာကို တတိယနယ, ပဥ္စမနယ၊ (ခ) ဣတ္ထိန္ဒြိယေန ယေ ဓမ္မာ ၌ ယေ ဓမ္မာကို ဒုတိယနယ, စတုတ္ထနယများနှင့်အညီ အသီးအသီး ယေ စွဲပြပါ။**

(က) တတိယ- သညာ, သင်္ခါရ, သုခုမရုပ်, နိဗ္ဗာန်တို့ကို၊ ပဥ္စမ- ဩဠာရိကရုပ်, စိတ်တို့ကို။

(ခ) ဒုတိယ- ဩဠာရိကရုပ် (၁၂) ခုတို့ကို။

စတုတ္ထ- ဣတ္ထိန္ဒြေကြဉ်သော သုခုမရုပ် ၁၅- ခုတို့ကို။

**ဒုတိယနယလာ အကျဉ်းဥဒ္ဒါန်းစဉ် ဂါထာကို မမှားအောင် ပါဠိသက်သက် ရေးခဲ့ပါ။**

ဒသာယတနာ သတ္တရသဓာတုယော၊ သတ္တိန္ဒြိယာ အသညီဘဝေါ ဧကဝေါကာရဘဝေါ ၊ ပရိဒေဝေါ သနိဒဿနသပ္ပဋိဃံ အနိဒဿနံ၊ ပုနဒေဝ သပ္ပဋိဃံ ဥပါဒါတိ။

**ဟေတု(၄)မျိုးကို ရေးပြီး။ အောက်ပါ (က)ဟောပုဒ်ကို ဒုတိယနယ၊ (ခ)ဟောပုဒ်ကို တတိယနယအလို ယေ ဓမ္မာအရ အစွဲမျှသာ စွဲပြခဲ့ပါ။**

**(က) အနိဒဿန သပ္ပဋိဃာ၊ (ခ) ဇီဝိတိန္ဒြေ ။**

**ဟေတု ၄-မျိုး**- ဟေတုဟေတု၊ ဥတ္တမဟေတု၊ ပစ္စယဟေတု၊ သာဓာရဏဟေတု။

(က) ယေ ဓမ္မာ-အကြောင်း ရူပါရုံ, သုခုမရုပ် ၁၆-ခုတို့ကို၊

(ခ) ယေ ဓမ္မာ-အကြောင်း ဝေဒနာ, သညာ, နိဗ္ဗာန်တို့ကို။

**ဣန္ဒြေ(၂၂)ပါးလာ ဝီရိယိန္ဒြေနှင့် ဣန္ဒြေ(၅)ပါးလာ ဝီရိယိန္ဒြေအရတို့ကို ဥဒ္ဒေသဆိုရိုးကျ ကောက်ပြပါ။**

**ဣန္ဒြေ ၂၂-ပါးလာ ဝီရိယိန္ဒြေ အရ**-ဒွေပဉ္စဝိညာဉ် ၁၀, မနောဓာတ် ၃-ခု, သန္တီရဏ ၃-ခုကြဉ်သော စိတ် ၇၃ခု၌ရှိသော ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေမည်၏။

**ဣန္ဒြေ ၅-ပါးလာ ဝီရိယိန္ဒြေ အရ**-လောကုတ္တရာစိတ် ၈-ခု၌ရှိသော ဝီရိယ စေတသိက်သည် ဝီရိယိန္ဒြေမည်၏။

**စက္ခုဝိညာဏဓာတုယာ ယေ ဓမ္မာ ၌ ““ယေ ဓမ္မာ”အရကို ဒုတိယနယနိဒ္ဒေသ,ပဉ္စမနယ နိဒ္ဒေသတို့နှင့်အညီ ခွဲပြ၍၊ သုခိန္ဒြိယေန ယေ ဓမ္မာ-၌ “ယေ ဓမ္မာ”အရကိုလည်း တတိယနယ, စတုတ္ထနယတို့နှင့်အညီ အသီးအသီး ခွဲပြခဲ့ပါ။**

**ဒုတိယနယ-**ယေဓမ္မာ-အကြောင်းစက္ခုဝိညာဏဓာတ်ကြဉ်သော ဆဝိညာဏဓာတ်တို့ကို။

**ပဉ္စမနယ-**ယေဓမ္မာ- အကြောင်း ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန်တို့ကို။

**သုခိန္ဒြိယေန ယေ ဓမ္မာ-**

တတိယနယ- ယေ ဓမ္မာ- အကြောင်း သင်္ခါရ, သုခုမရုပ်, နိဗ္ဗာန်တို့ကို။

စတုတ္ထနယ-ယေ ဓမ္မာ-အကြောင်း သုခိန္ဒြေကြဉ်သော ဝေဒနိန္ဒြေ ၄-ပါးတို့ကို။

**(က) သောက၊ (ခ) ဒုက္ခ၊ (ဂ) ဥပါယာသတို့၏ တရားကိုယ်ကို ဓာတုကထာဥဒ္ဒေသလာ သည့်အတိုင်း ကောက်ပြခဲ့ပါ။**

(က) ဒေါသမူဒွေး၌ရှိသော ဒေါမနဿဝေဒနာသည် သောကမည်၏၊

(ခ) ဒုက္ခသဟဂုတ်ကာယဝိညာဉ်၌ရှိသော ဝေဒနာစေတသိက်သည် ဒုက္ခမည်၏။

(ဂ) ဉာတိဗျသနအစရှိသည်တို့ဖြင့် တွေ့သောသူအား လွန်စွာဖြစ်သော စိတ်၏ဆင်းရဲခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ ပြင်းစွာ ပင်ပန်းခြင်း၏ အစွမ်းဖြင့် ဖြစ်သော ဒေါသဒွေး၌ရှိသော ဒေါသစေတသိက်သည် ဥပါယာသမည်၏။

**အောက်ဖော်ပြပါ ယေ ဓမ္မာအရကို (က) ဒုတိယနယ၊ (ခ)တတိယနယ တို့နှင့်အညီ ကောက်ပြခဲ့ပါ။**

(က) ဥပါဒါဓမ္မေဟိ ယေ ဓမ္မာ၊ (ခ) ဇီဝိတိန္ဒြိယေန ယေ ဓမ္မာ။

(က) ယေ ဓမ္မာ-အကြင် ပထဝီ, တေဇော, ဝါယောဟုဆိုအပ်သော မဟာဘုတ် ၃-ပါး တို့ကို၊

(ခ) (ဖြေပြီး)

**အောက်ပါသဘောတရားတို့ကို ဓာတုကထာ ဥဒ္ဒေသနှင့် အညီကောက်ပြ၍၊ (ဂ) ဇီဝိတိန္ဒြိယံ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတံ ? ဟူသော ပုစ္ဆာ၏ဝိသဇ္ဇနာပါဠိတော်ကိုလည်း မှန်ကန်စွာရေးသား ဖြေဆိုပြပါ။**

**(က) ရူပဘဝ၊ (ခ) ရုပ်၏ မရဏ။**

(က) ရူပဝိပါက် ၅-ခု၊ စက္ခုဝိညာဉ် ၂၊ သောတဝိညာဉ် ၂၊ သမ္ပဋိစ္ဆိုန်း ၂၊

သန္တီရဏ ၃- ခု၊ ဝိရတီကြဉ်သော စေတသိက် ၃၅-ခု၊ ဣတ္ထိဘော, ပုမ္ဘော, ဃာန, ဇိဝှါ, ကာယကြဉ်သော ကမ္မဇရုပ် (၁၅ )ခုသည် ရူပဘဝမည်၏။

(ခ) နိပ္ဖန္နရုပ် ၁၈-ခုတို့၏ ပျက်ဆဲသည် ရုပ်၏ မရဏမည်၏။

(ဂ) ဇီဝိတိန္ဒြိယံ ဋ္ဌိဟိ ခန္ဓေဟိ ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတံ။

**ဝေဒနာက္ခန္ဓေန ယေ ဓမ္မာ-ဌ ယေ ဓမ္မာ-အရ (က) တတိယနယ၊ (ခ) ပဥ္စမနယ-တို့ နှင့် အညီ ကောက်ပြခဲ့ပါ။**

(က) သညာ, သင်္ခါရ, သုခုမရုပ်, နိဗ္ဗာန်။

(ခ) ဩဠာရိကရုပ် ၁၂-ခု၊ ဝိညာဏက္ခန္ဓာ။

**ဟေတုဂေါစ္ဆကပထမဒုက်၌ ဟေတုအပြားနှင့်,အဘယ့်ကြောင့် ဟိတ်(၆)ပါး အရကောက် ရသည်ကိုဖြေဆိုပြီး၊ "သင်္ခါရသဘောတွေပဲ"ဟုပြောကြရာဝယ် သင်္ခါရ၏အရကိုလည်း ကောက်ပြကာ၊ စက္ခာယတန၏ အသင်္ဂဟိတဖြစ်ပုံ အမေး၊အဖြေပါဠိတို့ကိုလည်း ရေးပါ။**

ဟေတုအပြား(ဖြေပြီး)

**အကြောင်း**- ဟေတူဓမ္မာ-ဌ ဟေတုဟေတုကိုသာ အလိုရှိသောကြောင့် ဟိတ် ၆-ပါးကို ကောက်ရသည်။

**သင်္ခါရ အရ**- အကုသိုလ် ၁၇-ခုဌ်ရှိသော စေတနာ။

**အမေးအဖြေပါဠိ**- စက္ခာယတနံ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ အသင်္ဂဟိတံ။

စက္ခာယတနံ စတူဟိ ခန္ဓေတိ ဧကာဒသဟာယတနေဟိ သတ္တရသ ဓာတူဟိ အသင်္ဂဟိတာ။

**(က) သညာက္ခန္ဓေန ယေဓမ္မာ (တတိယနယ)**

**(ခ) ပရိဒေဝေန ယေ ဓမ္မာ (စတုတ္ထနယ)**

**(ဂ) အရူပဘဝေန ယေ ဓမ္မာ (ပဥ္စမနယ)တို့၌ ပါသော**

**ယေ ဓမ္မာ အရ တို့ကို အသီးသီး ကောက်ပြခဲ့ပါ။**

(က) ဝေဒနာ, သင်္ခါရ, သုခုမရုပ်, နိဗ္ဗာန်၊

(ခ) အပရိဒေဝစိတ္တဇသဒ္ဒ, ဥတုဇသဒ္ဒ၊

(ဂ) ဩဠာရိကရုပ် ၁၂-ခု၊

**အောက်ပါတို့ကို ဓာတုကထာဥဒ္ဒေသနှင့်အညီ အရကောက်ပြ၍၊ (ဂ) အရကိုသာ သစ္စာ မျှ ဖွဲ့ပြပါ။**

**(က) ဇီဝိတိန္ဒြေ၊ (ခ)အညိန္ဒြေ၊ (ဂ) ကေဝေါကာရဘဝ။**

(က)ရုပ်ဇီဝိတ, နာမ်ဇီဝိတ၊

(ခ) အထက်မဂ် ၃-ခု, အောက်ဖိုလ် ၃-ခု၌ရှိသော ပညာစေတသိက်၊

(ဂ) ဇီဝိတနဝကကလာပ်ရုပ်။

သစ္စာမျှ ဖွဲ့ပုံ- ဇီဝိတနဝကကလာပ်ရုပ်သည် ဒုက္ခသစ္စာမည်၏။

**အောက်ပါ (က)ကို ဒုတိယနယ (ခ)ကို တတိယနယ (ဂ)ကို ပဥ္စမနယ-တို့နှင့်အညီ ယေ ဓမ္မာ-အရ စွဲပြပါ။**

**(က) ဥပါဒါဓမ္မေဟိ ယေ ဓမ္မာ၊**

**(ခ) ဇီဝိတိန္ဒြိယေန ယေ ဓမ္မာ၊**

**(ဂ) ဧကဝေါကာရဘဝေန ယေ ဓမ္မာ။**

(က)(ဖြေပြီး)

(ခ) (ဖြေပြီး)

(ဂ) ယေ ဓမ္မာ-အကြင် စိတ်တခုယုတ်ကိုးဆယ်တို့ကို၊

**ပဋိစ္စသမုပ္ပါဒေါ ဟူသောပုဒ်၌ ပဋိစ္စသမုပ္ပဒ်ကို အင်္ဂါအပြား, ဘေဒအပြားအားဖြင့် ထုတ်ပြ၍၊ "နာမ်ရုပ်"အရာတရားများကို သင်္ဂဟိတ, အသင်္ဂဟိတ နှစ်ပါးဖြင့်ဖြစ်သော ခန်, အာ, ဓာတ်တို့ကိုလည်း ဖော်ပြပါ။**

အင်္ဂါအပြား- အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန,ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏအားဖြင့် ၁၂-ပါး။

ဘေဒအပြား-အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ,ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသအားဖြင့် ၁၈-ပါး။

(တစ်နည်း) ဘေဒအပြား- အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန,ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကမ္မဘဝ, ဥပပတ္တိဘဝ, ကာမဘဝ, ရူပဘဝ, အရူပဘဝ, သညာဘဝ, အသညာဘဝ, နေဝသညာနာသညာဘဝ, ဧကဝေါကာရဘဝ, စတုဝေါ ကာရဘဝ, ပဉ္စဝေါကာရဘဝ, ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသအားဖြင့် ၂၈-ပါး၊ (ပါဠိတော်နည်း)

**သင်္ဂဟိတ– ခန်, အာ, ဓာတ်**-

ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ အားဖြင့် ခန္ဓာ (၄)ပါး၊ ဩဠာရိကာယတန (၁၀)ပါး, ဓမ္မာယတနအားဖြင့် အာယတန (၁၁)ပါး၊ ဩဠာရိကဓာတ် (၁၀)ပါး, ဓမ္မဓာတ်အားဖြင့် ဓာတ် (၁၁)ပါး၊

**အသင်္ဂဟိတ–ခန်, အာ, ဓာတ်**-

ဝိညာဏက္ခန္ဓာ (၁)ပါး, မနာယတန (၁)ပါး,ဝိညာဏဓာတ် (၇)ပါး။

**ဖော်ပြပါတို့၌ (က)ကို ဒုတိယနယ၊ (ခ)ကို စတုတ္ထနယ၊ (ဂ)ကို ပဥ္စမနယတို့နှင့်အညီ “ယေ ဓမ္မာ”အရ တရားများကိုသာ ဖြေဆိုပါ။**

**(က) စက္ခုဝိညာဏဓာတုယာ ယေ ဓမ္မာ၊**

**(ခ) ပရိဒေဝေန ယေ ဓမ္မာ၊**

**(ဂ) စက္ခာယတနေန ယေ ဓမ္မာ၊**

(က) စက္ခုဝိညာဏဓာတ်ကြဉ်သော ဆဝိညာဏဓာတ်၊

(ခ) (ဖြေပြီး)

(ဂ) နာမက္ခန္ဓာ ၄ ပါး, နိဗ္ဗာန်။

**“ကာမဘဝ၊ အရူပဘဝ" အရတို့ကို ဥဒ္ဒေသလာသည့်အတိုင်း ဖော်ပြပြီးလျှင်၊ ကာမဘဝေါ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတော–ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာပါဠိကိုလည်း ထုတ်ပြခဲ့ပါ။**

ကာမဘဝ- ကာမဝိပါက် ၂၃၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် ၃၃၊ ကမ္မဇရုပ် ၂၀ သည် ကာမဘဝမည်၏။

အရူပဘာဝ- အရူပဝိပါက် ၄-ခု၊ စေတသိက် ၃၀ သည် အရူပဘာဝမည်၏။

**ဝိသဇ္ဇနာပါဠိ–** ကာမဘာဝေါ ပဉ္စဟိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ သင်္ဂဟိတော။

**စတုတ္ထနယ၌ ဟောသောတရား၊ ပဉ္စမနယ၌ဟောသောတရားတို့ကို ထုတ်ပြပြီးလျှင်၊ သုခိန္ဒြိယေန ယေဓမ္မာ-၌ ယေဓမ္မာ-အရကိုသာ (က) စတုတ္ထနယ၊ (ခ)ပဉ္စမနယ-တို့နှင့်ညီ ကောက်ပြခဲ့ပါ။**

**စတုတ္ထနယ၌ ဟောသောတရား–**ခန္ဓာတူ,အာယတနတူ, ဓာတ်တူတရားများ၊

(ဝေဒနာ ၅-ပါး, သင်္ခါရ ၅၀-ပါး, သုခုမရုပ် ၁၆-ပါး, သဒ္ဒ ၃-မျိုး)

**ပဉ္စမနယ၌ ဟောသောတရား** ခန္ဓာကွဲ, အာယတနကွဲ, ဓာတ်ခွဲတရားများ။

(ဩဠာရိက သုခုမအားဖြင့် ရုပ် ၂-မျိုး, ဝေဒနာ, သညာ, သင်္ခါရ, စိတ်, နိဗ္ဗာန်)

(က) (ဖြေပြီး)

(ခ) ဩဠာရိကရုပ် ၁၂-ခု၊ ဝိညာဏက္ခန္ဓာ၊

**သညီဘဝ၊ အဓိမောက္ခ တို့၏အရ တရားများကို ဆိုရိုးကျ ကောက်ပြ၍၊ ဇာတိ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ အသင်္ဂဟိတာ ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာပါဠိကိုလည်း ထုတ်ပြပါ။**

သညီဘဝ-နေဝသညာနာသညာယတနဝိပါက်ကြဉ်သော လောကီဝိပါက် (၃၁) ခု၊ စေတသိက် (၃၅)ခု၊ ကမ္မဇရုပ် (၂၀)သည် သညီဘဝမည်၏၊

အဓိမောက္ခ-ဒွေပဉ္စဝိညာဉ် ၁၀၊ ဝိစိကိစ္ဆာသဟဂုတ်ကြဉ်သော စိတ် ၇၈-ခု၌ရှိသော အဓိမောက္ခစေတသိက်သည် အဓိမောက္ခမည်၏။

**ဝိသဇ္ဇနာပါဠိ**–

ဇာတိ တိတိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတာ။

**ဖော်ပြပါတို့၌ ယေ ဓမ္မာ–တို့၏ အစွဲတရားများကို အညွှန်းနယတို့နှင့်အညီ အသီးအသီး စွဲပြပါ။**

**(က) အသညီဘဝေန ယေ ဓမ္မာ (ဒုတိယနယ)၊**

**(ခ) သုခိန္ဒြိယေန ယေ ဓမ္မာ (တတိယနယ၊ စတုတ္ထနယ)၊**

**(ဂ) မနာယတနေန ယေ ဓမ္မာ (ပဥ္စမနယ)။**

(က) ယေ ဓမ္မာ- အကြင် ရူပါရုံကြည်သော ဩဠာရိကရုပ် ၁၁-ခုတို့ကို။

(ခ) (ဖြေပြီး)

(ဂ) ယေ ဓမ္မာ-အကြင် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန်တို့ကို။

**ဗာဝီသတိန္ဒြိယာနိ–၌ပါသော သမာဓိန္ဒြေနှင့် ပဥ္စိန္ဒြိယာနိ–၌ပါသော သမာဓိန္ဒြေတို့၏ တရားကိုယ်အားဖြင့် ထူးခြားပုံကို ပြဆို၍၊ (က) ဥပါဒါန်၊ (ခ) ပဥ္စဝေါကာရဘဝ၊ (ဂ) အဓိမောက္ခ–တို့၏ တရားကိုယ်များကိုလည်း ဓာတုကထာဥဒ္ဒေသနှင့်အညီ ကောက် ပြခဲ့ပါ။**

**ဗာဝီသတိန္ဒြိယာနိ သမာဓိန္ဒြေ**-ဝိစိကိစ္ဆာသဟဂုတ် ဒွေးပဉ္စဝိညာဉ် ၁၀၊ မနောဓာတ် ၃-ခု၊ သန္တီရဏ ၃-ခုကြဉ်သော စိတ် ၇၂-ခု၌ရှိသော ဧကဂ္ဂတာစေတသိက်သည် သမာဓိန္ဒြေမည်၏။

**ပဋိဃနိဒ္ဒေသ ယာနိ သမာဓိန္ဒြေ**- လောကုတ္တရာစိတ် ၈ခု၌ရှိသော ဧကဂ္ဂတာစေတသိက်သည် သမာဓိန္ဒြေမည်၏။

(က) လောဘမူစိတ် ၈ခု၌ရှိသော လောဘ, ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ခု၌ရှိသော ဒိဋ္ဌိစေတသိက်သည် ဥပါဒါန်မည်၏။

(ခ) ကာမဝိပါက် ၂၃-ခု၊ ရူပဝိပါက် ၅-ခု၊ စေတသိက် ၃၅-ခု၊ ကမ္မဇရုပ် ၂၀-သည် ပဥ္စဝေါကာရဘဝမည်၏။

(ဂ) (ဖြေပြီး)

**သုခိယေန ယေ ဓမ္မာ ၌ "ယေ ဓမ္မာ"အရကို (က) တတိယနယ၊ (ခ) စတုတ္ထနယ၊ (ဂ) ပဥ္စမနယတို့နှင့်အညီ ကောက်ပြ၍၊ ကောဒသ ပဋိပဒါ ၌ ကောဒသ သရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။**

(က) ဖြေပြီး။ (ခ) ဖြေပြီး။ (ဂ) ဖြေပြီး။

**ကောဒသသရုပ်**

အဝိဇ္ဇာ, သင်္ခါရ, ဖဿ, တဏှာ, ဥပါဒါန်, ကမ္မဘဝ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ ဥပါယာသ အားဖြင့် ၁၁-ပါး။

**စိုးရိမ် ပူဆွေး ငိုကြွေး ရခြင်းတို့၏ တရားကိုယ်တို့ကို တိကျစွာ ထုတ်ပြပြီးလျှင်၊ ဒုတိယ နယ၌ အဘယ်သို့သော တရားမျိုးကို ဟောပုဒ်ပြုလုပ်သင့်သည်ကိုလည်း ဖြေဆိုခဲ့ပါ။**

**စိုးရိမ်–** ဒေါသမူဒွေး၌ ဒေါမနဿဝေဒနာ။ **ငိုကြွေး-** စိတ္တဇဝိပလ္လာသသဒ္ဒ။ **ဒုတိယနယ၌ ဟောပုဒ်ပြုလုပ်သင့်သောတရား** -ခန္ဓာတူ, အာယတနကွဲ, ဓာတ်ကွဲ တရားမျိုး၊ **(တစ်နည်း)** ခန္ဓာ, အာယတနတူ၊ ဓာတ်ကွဲတရားမျိုးကို ဟောပုဒ်ပြုလုပ် သင့်ပါသည်။

**ဝေဒနာက္ခန္ဓာကို ဟောပုဒ်ပြုလုပ်၍ (က)တတိယနယ–ယေစွဲ၊ (ခ)ပဉ္စမနယ–ပထမ ယေစွဲ၊ (ဂ)ပဉ္စမနယဒုတိယ ယေစွဲ တို့ကို မှန်ကန်စွာ စွဲဆိုပြခဲ့ပါ။**

(က) အကြင် သညာ, သင်္ခါရ, သုခုမရုပ်, နိဗ္ဗာန်တို့ကို။

(ခ) အကြင် ဩဠာရိကရုပ် ၁၂၊ ဝိညာဏက္ခန္ဓာတို့ကို။

(ဂ) အကြင် ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန်တို့ကို။

**အောက်ပါတို့ကို ဥဒ္ဒေသလာသည့်အတိုင်း အရကောက်ပြပါ။**

**(က) သညီဘာဝ၊ (ခ) အသညီဘာဝ၊ (ဂ) နေဝသညီနာသညီဘာဝ။**

(က) (ဖြေပြီး)

(ခ) ဇီဝိတနဝကကလာပ်ရုပ်သည် အသညီဘာဝမည်၏။

(ဂ) နေဝသညာနာသညာယတနဝိပါက်စိတ် ၁-ခု၊ စေတသိက် ၃၀-ခုသည် နေဝသညီ နာသညီဘာဝမည်၏။

**စတုတ္ထနယ–၏ ဥဒ္ဒါန်းစဉ်ဂါထာကို ပါဠိရေး၍၊ စက္ခာယတနေန ယေ ဓမ္မာ၌ ယေ ဓမ္မာ အရတရားတို့ကိုလည်း (က) ဒုတိယနယ၊ (ခ) ပဉ္စနယတို့နှင့်အညီ အရကောက်ပြပါ။**

ဒွေ့ သစ္စာ ပန္နရသိဒြိယာ၊ ကောဒသ ပဋိစ္စပဒါ၊

ဥဒ္ဒိ ပုန ကောဒသ၊ ဂေါစ္ဆက ပဒမေတ္တ တိံသ ဝိဓာပိ။

(က) စက္ခာယတနကြဉ်သော ရုပ် ၂၇။

(ခ) နာမက္ခန္ဓာ ၄-ပါး, နိဗ္ဗာန်။

**(က) ဒုက္ခ (ခ) မေတ္တာ (ဂ) မနသိကာရ တို့၏ တရားကိုယ်များကို ဥဒ္ဒေသနှင့်အညီ ဆိုရိုးကျ ကောက်ပြ၍၊ (ခ) အရတရား၏ မရေတွက်အပ်သော ခန္ဓာ အာယတန ဓာတ်တို့ကိုလည်း သင်္ချာမှု ဖော်ပြခဲ့ပါ။**

(က) ဒုက္ခသဟဂုတ်ကာယဝိညာဉ်၌ရှိသော ဝေဒနာစေတသိက်၊

(ခ) ရူပါဝစရပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်၌ရှိသော အဒေါသ စေတသိက်၊

**မရေတွက်အပ်သော ခန္ဓာ, အာယတန, ဓာတ်–**

ခန္ဓာ ၄၊ အာယတန ၁၁၊ ဓာတ် ၁၇။

(ဂ) စိတ် ၈၉-ခု၌ရှိသော မနသိကာရစေတသိက်။

**ပရိဒေဝ၏ သင်္ဂဟိတ အသင်္ဂဟိတဖြစ်ထိုက်သော ဝိဿဇ္ဇနာပါဠိတို့ကို ပဋမနယအလို ဖြေဆို၍၊ သမုဒယသစ္စေန ယေ ဓမ္မာ-၌ ယေ အရတရားတို့ကိုလည်း တတိယ, စတုတ္ထနယတို့နှင့်အညီ ကောက်ပြခဲ့ပါ။**

ပရိဒေဝေါ ဧကေန ခန္ဓေန ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတော။ ပရိဒေဝေါ စတူဟိ ခန္ဓေဟိ ဧကာဒသတာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတော။

ယေ ဓမ္မာ- အကြင် ဝေဒနာ, သညာ, သုခုမရုပ်, နိဗ္ဗာန်တို့ကို၊ (တတိယနယ)

ယေ ဓမ္မာ- အကြင် သမုဒယသစ္စာကြဉ်သော သင်္ခါရက္ခန္ဓာ ၄၉-ခုတို့ကို။ (စတုတ္ထနယ)

**ပဋိစ္စသမုပ္ပါဒ်သည် အင်္ဂါအားဖြင့်၄င်း၊ ဘေဒအားဖြင့်၄င်း မည်မျှစီရှိသည်ကို သင်္ချာမျှ ဖော်ပြ၍၊ (က) ကမ္မဘဝ၊ (ခ) ရူပဘဝ၊ (ဂ) ပရိဒေဝ တို့၏ တရားကိုယ်များကိုလည်း ရေးသားဖြေဆိုခဲ့ပါ။**

အင်္ဂါအားဖြင့် ၁၂-ပါး၊ ဘေဒအားဖြင့် ၁၈-ပါး၊ (တစ်နည်း) ၂၈-ပါး။

(က) အကုသိုလ် ၁၂၊ လောကီကုသိုလ် ၁၇-၌ရှိသော စေတနာစေတသိက်သည် ကမ္မဘဝမည်၏။

(ခ) (ဖြေပြီး)

(ဂ) ဆွေမျိုးတို့၏ ပျက်စီးခြင်းအစရှိသော အကြောင်းကြောင့် ငိုကြွေးမြည်းတမ်းသော အခြင်းအရာအားဖြင့်ဖြစ်သော စိတ္တဇဝိပလ္လာသဒ္ဒ။

**သမုဒယသစ္စေန ယေ ဓမ္မာ-၌ ယေ ဓမ္မာအရကို (က) တတိယနယအလို (ခ) စတုတ္ထ, ပဉ္စမနယတို့၌ ဒုတိယ ယေ အလို ယေစွဲများကို ဖော်ပြပြီး။ (ဂ) ခန္ဓာ,အာယတန,ဓာတ် သုံးပါးလုံးတူသော နယ၏ အကျဉ်းဆောင်ပုဒ်၊ (ဃ) ခန္ဓာ,အာယတန,ဓာတ် သုံးပါးလုံး မတူသောနယ၏ အကျဉ်းဆောင်ပုဒ်တို့ကိုလည်း ရေးခဲ့ပါ။**

(က) အကြင် ဝေဒနာ, သညာ, သင်္ခါရ, သုခုမရုပ်တို့ကို။

(ခ) အကြောင်း သမုဒယသစ္စာတို့ကို။ (စတုတ္ထနယ)၊ အကြောင်း ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန်တို့ကို။ (ပဉ္စမနယ)

(ဂ) သ, မ, ဣ, သု, ပ။

(ဃ) ရူ, ဝေ, ဝိ, စ, သ, အ။

**(က) ကမ္မဘဝ (ခ) စတုဝေါကာရဘဝ အရတို့ကို ဥဒ္ဒေသလာသည့်အတိုင်း ကောက်ပြပြီးလျှင် "နိရောဓသစ္စံ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ အသင်္ဂဟိတံ"ဟူသော အမေးပုစ္ဆာ၏ အဖြေဝိဿဇ္ဇနာပါဠိကိုလည်း ထုတ်ပြပါ။**

(က) (ဖြေပြီး)

(ခ) အရူပဝိပါက် ၄-ခု၊ စေတသိက် ၃၀သည် စတုဝေါကာရဘဝမည်၏။

**ဝိဿဇ္ဇနာပါဠိ–**

နိရောဓသစ္စံ ပဉ္စဟိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတာ။

**(က) ဥပါဒါဓမ္မေဟိ ယေ ဓမ္မာ၌ ယေ ဓမ္မာအရတရားကို ဒုတိယနယနှင့်အညီ (ခ) စေတသိကေဟိ ဓမ္မေဟိ ယေ ဓမ္မာ၌ ယေ ဓမ္မာအရတရားကို တတိယနယနှင့်အညီ (ဂ) သောတာယတနေန ယေ ဓမ္မာ–၌ ယေ ဓမ္မာအရတရားကို ပဉ္စမနယနှင့်အညီ ကောက်ပြခဲ့ပါ။**

(က) (ဖြေပြီး)

(ခ) သုခုမရုပ်, နိဗ္ဗာန်။

(ဂ) နာမက္ခန္ဓာ ၄ ပါး, နိဗ္ဗာန်။

**သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသတို့၏ အရတရားတို့ကို ဓာတုကထာဥဒ္ဒေသနှင့်အညီ ကောက်ပြပါ။**

သောက, ဒုက္ခ, ဥပါယာသ (ဖြေပြီး)

ပရိဒေဝ- (ဖြေပြီး) ဒေါမနဿ-ဒေါသမူဒွေး၌ရှိသော ဝေဒနာစေတသိက်။

**သုခိန္ဒြိယေန ယေ ဓမ္မာ ၌ ယေ ဓမ္မာအရတရားကို (က) တတိယနယ၊ (ခ) စတုတ္ထနယ၊ (ဂ) ပဉ္စမနယတို့နှင့်အညီ စွဲပြပါ။**

(က)/(ခ) /(ဂ) ဖြေပြီး။

**ဒုက္ခဒေါမနဿုပါယာသာ သမ္ပဝတ္တိ ၌ ဒုက္ခ, ဒေါမနဿ, ဥပါယာသ အရ ယူရမည့်တရားတို့ကို ဖော်ပြ၍၊ ဥပါယာသအရတရားကိုသာ ခန္ဓာ, အာယတန, ဓာတ် ဖွဲ့ပြပါ။**

ဒုက္ခ, ဥပါယာသ (ဖြေပြီး)

ဒေါမနဿ- (ဖြေပြီး)

**ခန္ဓာ, အာယတန, ဓာတ်ဖွဲ့ပုံ–**

ဒေါသမူစိတ်၌ ဒေါသစေတသိက်သည် ခန္ဓာအားဖြင့် သင်္ခါရက္ခန္ဓာမည်၏ အာယတနအားဖြင့် ဓမ္မာယတနမည်၏၊ ဓာတ်အားဖြင့် ဓမ္မဓာတ်မည်၏။

**(က) သညာက္ခန္ဓေန ယေ ဓမ္မာ–ကို တတိယနယနိဒ္ဒေသနှင့်အညီ၊ (ခ) မဂ္ဂသစ္စေန ယေ ဓမ္မာ–ကို စတုတ္ထနယနိဒ္ဒေသနှင့်အညီ ယေစွဲပြ၍၊(ဂ) အရူပဘဝေန ယေ ဓမ္မာ ခန္ဓသင်္ဂဟေန အသင်္ဂဟိတာ အာယတနသင်္ဂဟေန အသင်္ဂဟိတာ ဓာတုသင်္ဂဟေန အသင်္ဂဟိတာ–ကို ပဉ္စမနယနိဒ္ဒေသနှင့်အညီ အနက်ပေးပြပါ။**

(က) ယေ ဓမ္မာ- အကြင် ဝေဒနာ, သညာ, သင်္ခါရ, သုခုမရုပ်, နိဗ္ဗာန်တို့ကို၊

(ခ) ယေ ဓမ္မာ– အကြင် မဂ္ဂသစ္စာကြည်သော သင်္ခါရက္ခန္ဓာ ၅၀-တို့ကို၊

(ဂ) အရူပဘဝေန– အရူပဘဝသည်၊ ယေ ဓမ္မာ- အကြင် ဩဠာရိကရုပ် ဒွါဒသတို့ကို၊ ခန္ဓသင်္ဂဟေန- နာမက္ခန္ဓာ ၄-ပါးတူသော ရေတွက်ခြင်းဖြင့်၊ အသင်္ဂဟိတာ-မရေတွက်အပ်ကုန်၊ အာယတနသင်္ဂဟေန- မနာယတန, ဓမ္မာယတနဟူသော ရေတွက်ခြင်းဖြင့်၊ အသင်္ဂဟိတာ-မရေတွက်အပ်ကုန်၊ ဓာတုသင်္ဂဟေန- မနော ဝိညာဏဓာတ်, ဓမ္မဓာတ်ဟူသော ရေတွက်ခြင်းဖြင့်၊ အသင်္ဂဟိတာ-မရေတွက် အပ်ကုန်။

**အရှင်တိလောကာဘိဝံသ(အင်းစိန်) ပုစ္ဆာ အဖြေစုံစာအုပ်မှ ကောက်နုတ်ထားပါသည်။**

**အရှင်ပညာသီဟ (ဝမ်းတွင်း )**